“ နိုင်ငံခြားသားတရုတ်နိုင်ငံတွင်ရှိခြင်း ”

# ယူနန်၏ ဘက်စုံဆွဲဆောင်မှုကို တွေ့ရှိခြင်း

မလေးရှားနိုင်ငံ ကျောင်းသား လီတုအန်သည် (၂၀၁၅)ခုနှစ်တွင် ယူနန်သို့လာရောက်ပြီး တရုတ်ဘာသာစကား သင်ယူဆည်းပူးသည်။ ပညာသင်ယူဆည်းပူးနေသည့် အချိန်ကာလအတွင်းတွင် ပညာလေ့လာဆည်းပူးသည့်အပြင် လီတုအန်သည် နေရာအနှံ့လျှောက်လည်လေ့ရှိတတ်သည်။ ၎င်းသည် သူ၏အခြားသောအလုပ်အကိုင်ကုန်သည်နှင့် အလွန်သက်ဆိုင်နေပေသည်။

တရုတ်နိုင်ငံသို့လာရောက်ပြီး ပညာမသင်ယူမီတွင် လီတုအန်သည် မလေးရှားနိုင်ငံမှာ သွင်းကုန်ထုတ်ကုန်ကူးသန်းရောင်းဝယ်ရေး စီးပွားရေးကို နှစ်နှစ်ကြာ လုပ်ကိုင်ခဲ့သူဖြစ်သည်။ မလေးရှားရိုးရာဝတ်စုံ“Baju Kurung” ကို အဓိကရောင်းချပါသည်။ အဆိုပါဝတ်စုံသည် စကပ်ရှည်ဒီဇိုင်းရှိသည်။ လက်ရှည်နှင့် ပွသောစကပ်အဝဲရှိပါသည်။ ဆေးရောင်စုံသည်။ အပ်ချုပ်ပုံစံကျက်သရေရှိပြီး တင့်တယ် လှပပါသည်။ ချုပ်ပုံလှပသပ်ရပ်သည်သာမက ဈေးနှုန်းချိုသာပါသည်။ လီတုအန်ရောင်းချသော “Baju Kurung” သည် အားသာချက်တစ်မျိုးရှိသေးသည်။ သူသည် အဝတ်အထည်ချုပ်ရန်အတွက် ကုန်ကြမ်းပံ့ပိုးမှုကို တရုတ်နိုင်ငံစက်ရုံကို ရွေးချယ်ထားခြင်းဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ရခြင်းသည် တရုတ်နိုင်ငံ၏ကုန်ပစ္စည်းသည် ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်သောကြောင့် ဖြစ်သည်။ မလေးရှားနိုင်ငံတွင် ဒေသခံပြည်သူများ၏ ကြိုက်နှစ်သက်မှုကို ရရှိပါသည်။ “မလေးရှားနိုင်ငံဈေးကွက်တွင်ရှိသော ကုန်ပစ္စည်းအများစုသည် တရုတ်နိုင်ငံမှ တင်သွင်းလာခြင်းဖြစ်သည်။ အထည်အလိပ်များအပြင် ဒေသခံပြည်သူများသည် တရုတ်နိုင်ငံ၏ နေ့စဉ်သုံးကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ မျိုးစုံသော ခရီးသွားအမှတ်တရပစ္စည်းများကို အလွန်စိတ်ဝင်စားကြသည်။” ဟု လီတုအန်ကပြောပါသည်။ တရုတ်နိုင်ငံသို့ လာရောက်ပညာသင်ယူပြီးနောက် သူသည်မြို့ပေါင်းစုံနေရာအနှံ့သို့ သွားရောက်လည်ပတ်ရသည်ကို ကြိုက်နှစ်သက်သည်။ လမ်းကြီးလမ်းသွယ်များတွင် ဒေသထွက်အထူးကုန်ပစ္စည်းများကို လိုက်လံရှာဖွေတတ်သည်။ လမ်းပေါ်တွင် ဒေသအနှံ့ရှိ ဓလေ့ထုံးစံများကို ခံစားပါသည်။ “ကျွန်တော်ရှာဖွေတွေ့ရှိသော အထူးကုန်ပစ္စည်းများကို မလေးရှားသို့ သယ်ယူရောင်းချသွားမည်ဖြစ်သည်။ စီးပွားရေးအခွင့်အလမ်းမျိုးစုံကို ရှာဖွေသွားမည်ဖြစ်သည်။ မတူသောရှုခင်းသာမျိုးစုံကိုလည်း ကြည့်ရှုသွားပါမည်။ ၎င်းသည်ကျွန်တော်တရုတ်နိုင်ငံတွင် ခရီးသွားသည့်အခါတွင်ရရှိသော ရလာဒ်များဖြစ်သည်။ ကျွန်တော်ကျောပိုးအိတ်ကိုလွယ်ပြီး ခရီးဆက်လျှောက်သွားစေမည့် တွန်းအားလည်းဖြစ်ပါသည်။ ”

လီတုအန်သည် မြို့ပေါင်းစုံကိုရောက်ဖူးပါသည်။ ကြည့်ဖူးသော လှပရှုခင်းများလည်း လက်ချိုးရေ၍မရနိုင်ပါ။ ၎င်းများအနက် လန်ကျုံနှင့်ကူမင်းနှစ်မြို့သည် သူ့အတွက် စိတ်တွင်ပိုပြီးမှတ်သားမိစေသည်။ လီတုအန်သည် လန်ကျုံသို့ရောက်သည့်အခါတွင် အရသာကောင်းမွန်သော အမဲသားခေါက်ဆွဲကို စားပါသည်။ သွားလည်ခဲ့သည်မှာ “ဟွမ်ဟောသံတံတား” ကျုံစန်တံတား၊ ဖတ်သည်က 《စာဖတ်သူ》 ဖြစ်သည်။ လီတုအန်ကူမင်းမြို့သို့ ရောက်သည့်အခါတွင်စားခဲ့သည်မှာ ကူမင်း ကော်ချောင်မြီးရှည်၊ လည်ခဲ့သည်မှာ “သတ္တိ၊ အံ့ဖွယ်၊ အန္တရာယ်၊ လှပ၊ သာယာ” သော စီလင် (stone forest) ဖြစ်သည်။ ကြည့်ခဲ့သည်မှာ 《ယူနန်အံ့ဖွယ်(၁၈)သွယ်》 ဖြစ်သည်။ လန်ကျုံနှင့်ယှဉ်လျှင် ကူမင်းမြို့က လီတုအန်ကိုပိုပြီးရင်းနှီးမှုရှိစေသည်။ “နွေးထွေးသောလေထု၊ သာယာသောနွေဦးလေပြေ ကူမင်းမြို့အခြေအနေသည် ကျွန်တော်၏ဇာတိနှင့်အလွန်တူပါသည်။ အေးချမ်းသာယာလှပေသည်။ မြို့တစ်မြို့လုံးနှစ်သက်ဖွယ်ကောင်းသော သာယာသော ခံစားချက်ဖြင့်ပြည့်နေပါသည်။” ၎င်းအကြောင်းအရင်းများအားလုံးသည် လီတုအန်ကူမင်းမြို့ကိုကြိုက်နှစ်သက်သော အကြောင်းအရင်းများဖြစ်ပေသည်။ သူသည်ပြုံးပြီးထိုကဲ့သို့ပြောသည်။ ကူမင်းသည်နေရာတကာမှာ ရှုခင်းသာရှိသော မြို့ဖြစ်သည်။ စီစန်လုံမိန်ပေါ်သို့တက်ပြီး နေထွက်ခြင်းကိုကြည့်နိုင်သည်။ ဝူပိုင်လီအင်းကို အဝေးမှလှမ်းမျှော်ကြည့်နိုင်သည်။ တာကွမ်လိုအဆောက်အဦးသို့ အလည်သွားခြင်း အင်းအလှ၊ တောင်အလှကိုခံစားရင်းတာကွမ်လို အဆောက်အဦး၏မင်္ဂလာစာတွဲကြီးကို သေချာရှုမျှော်ခံစားနိုင်သည်။ လီတုအန်သည် တက်ကြွစွာ ကူမင်းမြို့၏အလှတရားများကို သရုပ်ဖော်ပြောကြားနေပြီး ထိုကဲ့သို့ဖြည့်စွက်ပြောဆိုသည်။“နေ့တစ်နေ့ညနေခင်းပိုင်းမှာ သူငယ်ချင်း(၄-၅)ယောက်လောက်ခေါ်ပြီး ချွေဟူအင်းသို့သွားကာ သစ်ပင်အရိပ်အောက်မှာ ထိုင်ပြီး ဖူအော်လက်ဖက်ရေနွေးကြမ်းလေးသောက်ကာ ငုတ်တုတ်ထိုင်နေရင်လည်း အလွန်သာယာလှပပါပေသည်။”

လီတုအန်၏ ဇာတိနိုင်ငံမလေးရှားနိုင်ငံသည် ကမ္ဘာ့နာမည်ကျော် ခရီးသွားနယ်မြေဖြစ်သည်။ လီတုအန်ကထိုကဲ့သို့ပြောသည်။ “ကျွန်တော်၏ ယူနန်အတန်းဖော်သူငယ်ချင်းများစွာက ကျွန်တော့်ကို မလေးရှားနိုင်ငံ အလွန်သွားလည်ချင်လှသည်ဟုပြောပါသည်။” ဟု သူပြုံးပျော်စွာပြောပြသည်။ ယခုတွင် ယူနန်နှင့်မလေးရှားနိုင်ငံအကြား ခရီးသွားဖလှယ်မှုများသည် ပိုမိုများပြားလာပါသည်။ ယူနန်မိတ်ဆွေသူငယ်ချင်းများ မလေးရှားနိုင်ငံကို ပိုမိုသိကျွမ်းသွားစေရန် သူ၏ဇာတိမြေနိုင်ငံသို့ လာရောက်လည်ပတ်ကြရန် သူသည်အားတက်စွာ ဖိတ်ကြားပြောကြားခဲ့ပါသည်။ သူ၏ အနာဂတ်ယူနန်ခရီးစဉ်အတွက် သူမျှော်လင့်ချက်များစွာရှိပါသည်။“ကျွန်တော်၏ယူနန်ခရီးစဉ်သည် အခုအချိန်မှစတင်ခြင်းဖြစ်သည်။ ကျွန်တော်သည် စူးစမ်းလေ့လာခြင်းခြေလှမ်းကို ရပ်တန့်သွားမည်မဟုတ်ပေ။ ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်သည်။ ဘက်စုံသော၊ ဆွဲဆောင်မှုရှိသော ယူနန်ကိုလေ့လာသွားမည်ဖြစ်သည်။”ဟု လီတုအန်က ထိုကဲ့သို့ ပြောပါသည်။

ဟန်ချိန်ယွမ် ချိုက်ကျိုထင်

# ယူနန်တွင် ပထမအကြိမ်အစ္စလာမ်ကျမ်းစာကျောင်းယဉ်ကျေးမှု လှုပ်ရှားမှုသီတင်းပတ်ကျင်းပ



အောက်တိုဘာလတွင် ပထမအကြိမ်ယူနန်ပြည်နယ် အစ္စလာမ်ကျမ်းစာကျောင်းယဉ်ကျေးမှုလှုပ်ရှားမှု သီတင်းပတ်ကို ယူနန်တာလီတွင် ကျင်းပခဲ့သည်။ ၎င်းသည် ယူနန်ပြည်နယ်မှာ တစ်နိုင်ငံလုံးအတွင်း ပထမအကြိမ်မြောက် အဆိုပါလှုပ်ရှားမှုမျိုးကို ကျင်းပခြင်းဖြစ်သည်။

လှုပ်ရှားမှုပြုလုပ်ခြင်း၏ရည်ရွယ်ချက်သည် ကျမ်းစာကျောင်းနှင့် ကျောင်းတွင်း ယဉ်ကျေးမှုလှုပ်ရှားမှုကို တိုးပွားစေခြင်း၊ ကျမ်းစာကျောင်းများအကြား အပြန်အလှန် နှီးနှောဖလှယ်မှုများ ပြုလုပ်နိုင်ရန်ဖြစ်သည်။ ကူမင်း၊ ဝံစန်၊ ဟုန်ဟော်၊ တာလီ၊ စောက်ထုံ ပြည်နယ်ခွဲမြို့(၅)မြို့မှ အစ္စလာမ်ဘာသာရေးကျောင်း(၈)ကျောင်းနှင့် ဘာသာရေးကျောင်း ကိုယ်စားလှယ်အဖွဲ့ လူဦးရေ(၂၃၀)ဦးခန့် တက်ရောက်ခဲ့ကြသည်။ လှုပ်ရှားမှုအစီအစဉ်ကျင်းပနေချိန်အတွင်းတွင် အာကစားပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် ကျမ်းစာကျောင်းမှ သင်ကြားရေးသုတေတနစာတမ်းဖတ်ပွဲများ၊ အနုပညာ ကပြတင်ဆက်မှုများစသည့် အစီအစဉ်များကျင်းပခဲ့သည်။